**စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**အောင်ဘာလေသိန်းဆုဌာနခွဲ**

**ကြေညာချက်**

**(ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၅ ရက်)**

၁။ (၁၅)ကြိမ်မြောက် ၁၀၀၀/– ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁–၅–၂၀၂၀ ရက်နေ့တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲသည် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများမှတစ်ဆင့် အောင်ဘာလေထီဝယ်ယူခွင့် ရရှိသူ များထံသို့ အချိန်မီဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။

၃။ ယခုအခါ ဖြစ်ပေါ်လျက်ရှိသော COVID 19 ရောဂါအခြေအနေများကြောင့် အောင်ဘာလေထီ ဝယ်ယူခွင့်ရရှိသူများမှ အောင်ဘာလေထီလက်မှတ်များ လာရောက် ထုတ်ယူခြင်းမပြုသဖြင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအသီးသီးတွင် အောင်ဘာလေထီလက်မှတ်များ ကျန်ရှိလျက် ရှိပါသည်။

၄။ အဆိုပါ ကျန်ရှိသော မရောင်းရထီလက်မှတ်များစာရင်းကို စိစစ်ပြုစုပြီးပါက (၁၅)ကြိမ်မြောက် ၁၀၀၀/–ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ခွဲဝေချီးမြှင့်မည့် ဆုမဲစာရင်းကို အချိန်မီ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

F:\1 IRD MEDIA Update\Newspaper TSU 2019\2020-2021\4 April\New Folder\State Lottery - Copy2.Docx1